ARAKAN ARMY

# ရက္ခိုင့်တပ်မတော်

## စစ်ရုံးချုပ်

သဘောထားထုတ်ပြန်ကြေငြာချက်

အမှတ်၊ ၄/၂၀၁၅

၁၃၇၇ - ခုနှစ်၊ ကဆုန်လဆန်း(၁၁)ရက်

(၂၀၁၅ - ခုနှစ်၊ ဧပြီလ (၂၈) ရက်)

၂၀၁၅ - ခုနှစ်၊ မတ်လ(၂၉)ရက်နေ့မှစ၍ ရက္ခိုင့်တပ်မတော်နှင့် မြန်မာ့တပ်မတော်တို့ တိုက်ပွဲဖြစ်ပွားလျက်ရှိပြီး ထိတွေ့မှု (၁၀)ကြိမ် ခန့်ရှိခဲ့သည်။ ဤတစ်လနီးပါး တိုက်ပွဲကာလအတွင်းတွင် မြန်မာ့တပ်မတော်သည် ရက္ခိုင်ရွာအချို့အား အတင်းဝင်ရောက် မွှေနှောက်ပြီး ရပ်မိရပ်ဖ၊ ရပ်ရွာလူကြီးများအပါအဝင် အပြစ်မဲ့ရွာသူရွာသားများအား ဖမ်းဆီးနှိပ်စက် ထိန်းသိမ်းစစ်ဆေးခြင်း၊ ရွာသားများပိုင်ဆိုင်သော ဆန်၊ ဆီ၊ ဆား အပါအဝင် စားနပ်ရိက္ခာများအား ဖျက်ဆီးယူဆောင်သွားခြင်း၊ လူမဆန်စွာ နှိပ်စက်ပြုမူခြင်း၊ ဥပဒေနားမလည်သော ရွာသူရွာသားများအား ဥပဒေဖြင့် ခြိမ်းခြောက်၍ လူ့အခွင့်အရေးများ ချိုးဖောက်ခြင်း၊ စစ်ရာဇဝတ်ပြစ်မှုများကျူးလွန်ခြင်း၊ ရွာလုံးကျွတ်မီးရှို့ ခြင်းများကို ပေါ်ပေါ်ထင်ထင် ဆက်တိုက်ပြုလုပ်လျက် ရှိသည်။

ဤကဲ့သို့သော မြန်မာ့တပ်မတော်၏လုပ်ရပ်များမှာ တိုင်းရင်းသားဒေသအသီးသီးတွင် လုပ်လေ့လုပ်ထ ဖြစ်ရိုးဖြစ်စဉ် များသာဖြစ်သည်။ ထို့ကြောင့် မြန်မာ့တပ်မတော်သည် အလားတူကိစ္စရပ်များအား ထပ်မံကျူးလွန်နိုင်သည်ကို နိုင်ငံတကာသံရုံး နှင့်အဖွဲ့အစည်းများအနေဖြင့်လည်း ခန့်မှန်းသိရှိထားပြီးဖြစ်သောကြောင့် ထပ်မံကျူးလွန်ခြင်းမပြုလုပ်ရန် လူသားချင်းစာနာ ထောက်ထားမှု အကူအညီပေးရန် တိုက်တွန်းထားသည်။ မြန်မာ့တပ်မတော်၏ ရက္ခိုင်လူမျိုးအပေါ် ဤကဲ့သို့သော ဥပဒေမဲ့လုပ်ရပ်များ၊ ခါးသီးစရာကောင်းသော လုပ်ရပ်များကို နေ့စဉ်ရက်ဆက် ပြုမူကျူးလွန်နေခြင်းမှာ ရက္ခိုင့်တပ်မတော် အောက်ခြေရဲဘော်များ၏ ဒေါသစိတ်အားနှိုးဆွပေးခြင်း၊ ရက္ခိုင်လူမျိုးများအားစော်ကားခြင်းနှင့်တူကာ မလိုလားအပ်သော ဖြစ်ရပ်များကိုဖြစ်ပေါ်နိုင်ရန်အတွက် တွန်းအားများအဖြစ် ဖြစ်ပေါ်လျက်ရှိနေသည်။

ရက္ခိုင်ပြည်အတွင်းရှိ မြန်မာ့တပ်မတော်အနေဖြင့် ဤကဲ့သို့သော လုပ်ရပ်များကို ထင်ထင်ရှားရှား ကျူးလွန်နေမှု များသည် လူမျိုးတစ်မျိုးနှင့်တစ်မျိုးအကြားတွင် အမုန်းတရား မီးတောက်များကို ပိုမိုလောင်ကျွမ်းစေနိုင်ရန် အားပေးလျက် ရှိနေသည်ကို လက်ရှိအစိုးရနှင့်တကွ မြန်မာ့တပ်မတော်အား သိရှိစေလိုသည်။ နိုင်ငံရေးအရ ဖြေရှင်း၍ရသော အခြေအနေများကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန်မကြိုးစားဘဲ လူမျိုးရေးပဋိပက္ခပြဿနာများဖြစ်လာနိုင်အောင် တွန်းပို့လျက် ရှိနေသည်။

ဤကိစ္စနှင့်ပတ်သက်၍ အထက်ပါဖြစ်စဉ်များ၌ မျက်မြင်ကိုယ်တွေ့ ကိုယ်ထိလက်ရောက် ပါဝင်ခဲ့ကြသည့် မြန်မာ့တပ်မတော်တွင် တာဝန်ထမ်းဆောင်နေကြသော ရက္ခိုင်လူမျိုးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင် နေကြသော ရက္ခိုင်လူမျိုးများအနေဖြင့် မိမိတို့လူမျိုးများအား အခြားလူမျိုးတစ်မျိုးမှ ယခုကဲ့သို့ မတရားသဖြင့် ညှဉ်းပန်းနှိပ်စက်၊ ရိုက်နက်ခြင်းများအား ကျူးလွန်နေသည်ကို လက်ပိုက်ကြည့်နေမည့်အစား ကာကွယ်စောင့်ရှောက်ရန် တိုက်တွန်းလိုက်သည်။ ထို့အပြင် အခြားသော ရက္ခိုင်လက်နက်ကိုင်တပ်ဖွဲ့ငယ်များအား မိမိတို့ရက္ခိုင့်တပ်မတော်နှင့်အတူ အမျိုးသားရေးအတွက် လုပ်သင့်လုပ်ထိုက်သည်များ၊ နိုင်ရာတာဝန်များကို လုပ်ကိုင်နိုင်ရန်အတွက် အမျိုးသားရေး ဘုံအကျိုးစီးပွားများကို ဦးထိပ်ထား၍ ရက္ခိုင့်တပ်မတော်နှင့် လာရောက်ပူးပေါင်းဆောင်ရွက်နိုင်ရန် ဖိတ်မန္တကပြုလိုက်ပါသည်။

ရက္ခိုင့်တပ်မတော်သည် နိုင်ငံရေးကိုအခြေခံ၍ မိမိလူမျိုးများ ရသင့်ရထိုက်သည်များကို ရရှိနိုင်ရန်အတွက် ရက္ခိုင်လူထုနှင့်အတူ လက်တွဲတိုက်ပွဲဝင်လျက်ရှိသည်။ ထို့ကြောင့် ရက္ခိုင်လူထုများအနေဖြင့်လည်း ယခုရက္ခိုင်ပြည်အတွင်းတွင် ဖြစ်ပေါ်လျက်ရှိသော တိုက်ပွဲများသည် ရက္ခိုင့်တပ်မတော်၏ တိုက်ပွဲများသာဖြစ်သည်ဟုမယူဆစေလိုဘဲ ရက္ခိုင်မျိုးနွယ်စု၊ ရက္ခိုင်လူထုတစ်ရပ်လုံးနှင့် တိုက်ပွဲဝင်နေသော တိုက်ပွဲများအဖြစ် မှတ်ယူရန် လိုအပ်သည်။

ထို့အပြင် ရက္ခိုင်မိဘပြည်သူလူထုများအား ရက္ခိုင့်တပ်မတော်နှင့်အတူ အမျိုးသားရေးတာဝန်များအား တစ်နိုင်တစ်ပိုင် တာဝန်ထမ်းဆောင်ခြင်းမျိုးမဟုတ်ဘဲ အင်တိုက်အားတိုက်ဖြင့် စိတ်ပါလက်ပါ ထိထိရောက်ရောက် ပါဝင်ဝန်းရံပေးကြရန် ထပ်မံတိုက်တွန်းလိုက်ပါသည်။

စစ်ရုံးချုပ်
ရက္ခိုင့်တပ်မတော်